ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇- ၂၀၁၈)

## Village Development Plan (VDP)

ဘောလခဲမြို့နယ်၊ ဘောလခဲကျေးရွာအုပ်စု၊ရေနီပေါက်ကျေးရွာ

# မာတိကာ

၁။ ဘောလခဲမြို့နယ်မြေပုံ

၂။ရေနီပေါက်ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဘောလခဲမြို့နယ်မြေပုံ



## ၂။ ရေနီပေါက်ကျေးရွာမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း |
| ၁ | မိုင်းထမ်းကျေးရွာ | ၁၀၇ | ၂၃၇ | ၂၁၄ | ၄၅၁ |
| ၂ | ရေနီပေါက်ကျေးရွာ | ၇၆ | ၁၈၂ | ၁၇၅ | ၃၅၇ |
| ၃ | ဝမ်ချယ်ကျေးရွာ | ၇၇ | ၁၉၈ | ၁၉၂ | ၃၉၀ |
| | စုစုပေါင်း | ၂၆၀ | ၈၇၈ | ၅၈၁ | ၁၁၉၈ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကယားပြည်နယ်၊ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်၊ ဘောလခဲအုပ်စုရှိ ရေနီပေါက်ကျေးရွာသည် ဘောလခဲ-ရှာသစ်သွားရာလမ်းခွဲမှ (၃)မိုင်၊ လေးဖာလုံအကွာတွင် တည်ရှိသည်။ ရေနီပေါက်ရွာ၏အမည် အဓိပ္ပါယ်မှာ ရွာအနီးရှိရေထွက်ပေါက်မှထွက်သည့်ရေကို အစွဲပြု၍ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၂၀ ခုတွင် ကယားလူမျိုး ဦးကိုးရယ်မှအိမ်ခြေ (၁၈) အိမ် ၊လူဦးရေ(၄၀)ခန့်ဖြင့် စုစည်းတည်ထောင် ခဲ့ခြင်းဖြစ်သည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြပြီး၊ ရိုးရာတံခွန်တိုင် နတ်နှင့် ရွှေရင်ကျော်နတ်ကိုးကွယ်သူများ လည်းရှိသည်။

စားဝတ်နေရေးအတွက် တောင်ယာလုပ်ငန်းကိုလုပ်ကိုင်ကြပြီး နှမ်းနှင့်ပြောင်းကောက်ကို အဓိက စိုက်ပျိုးကြပါသည်။ အဓိကစီးပွားဖြစ် သီးနှံအနေဖြင့် နှမ်းကိုသာစိုက်ပျိုးကြကာ အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ ကျေးရွာတွင် ရာသီအလိုက်ပွဲတော်များကိုလည်း ကျင်းပလေ့ ရှိကြပါသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က ဘောလခဲမြို့သို့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စများအတွက် သွားရောက်လိုပါက အနောက်ဘက်ကမ်းသို့ လှေဖြင့်တဆင့် ကူးပြီးမှသာ သွားကြရသည်။ အရှေ့ဘက်ကမ်းမှ သွားလိုပါက လမ်းဖောက်လုပ်ထားသော်လည်း လမ်းမကောင်းသောကြောင့် သွားလာမှု နည်းပါးခဲ့သည်။ ၂၀၁၅-၂၀၁၆ခုနှစ်တွင် အရှေ့ဘက်ကမ်းမှ ဘောလခဲသို့သွားရာလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြင့်တင်ပြီး၊ ပွန်ချောင်းကိုဖြတ်ကူးရသော JKT တံတားအားလည်း ဆောက်လုပ်ပေးထားသောကြောင့် ယခုအချိန်တွင် ကူသန်းသွားလာရေး အဆင်ပြေနေပါသည်။

ရေနီပေါက်ကျေးရွာတွင် အခြေခံအဆောက်အဦးအနေဖြင့် အစိုးရမူလတန်းကျောင်း၊ ကျေးလက် ဆေးပေးခန်း၊ လူငယ်ရိပ်သာ၊ ဘုန်းကြီးကျောင်း၊ ကျေးရွာရေလှောင်ကန် နှင့် ကျေးရွာခန်းမဆောင်အသေး များရှိပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၇.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၃ | ၁၆ | ၅၉ | ကျေးရွာအတွင်းရှိအိမ်ခြေများ၊ လက်ရှိသဘာဝအရင်းအမြစ်များအားအသုံးချမှု အခြေအနေများ နှင့် သဘာဝဘေးအန္တရာယ်များ အားဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း | ၇.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၃ | ၁၆ | ၅၉ | ကျေးရွာအတွင်းရှိမိသားစုများ၏ ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ကာစံနှုန်းအပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်းများသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၇.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၃ | ၁၆ | ၅၉ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့် အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအားဖော်ထုတ်ခြင်း |
| ၄ | ကျား-မရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၇.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၃ | ၁၆ | ၅၉ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၇.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၃ | ၁၆ | ၅၉ | ကျေးရွာအတွင်းရှိမိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သောလုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအားဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဇင်းပုံစံ | ၇.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၃ | ၁၆ | ၅၉ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအားဖော်ထုတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ





ရေနီပေါက်ကျေးရွာသည် ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်မှ ရွာသစ်သွားရာ လမ်းခွဲမှ(၃)မိုင်ကျော် အကွာတွင်တည်ရှိပါသည်။ ရေနီပေါက်ကျေးရွာတွင် အိမ်ခြေ (၇၇)အိမ်ရှိပြီး အိမ်ထောင်စုမှာ (၇၇)ရှိကာ စုစုပေါင်းလူဦးရေမှာ(၃၅၇) ဦးခန့်နေထိုင်ကြပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် ဘောလခဲ-ဖါးဆောင်း-မယ်စဲ့ သွားရာလမ်းမကြီးတည်ရှိပြီး ကျေးရွာအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းအလယ်မှ ဖြတ်သန်းစီးဆင်း နေသောပွန်ချောင်းကိုဖြတ်၍ ပေါင်းကူးပေးထားသောJKTကြိုးတံတားလည်းရှိပါသည်။

ကျေးရွာ၏ အရှေ့ဘက် နှင့်အနောက်ဘက်တွင်တောင်တန်းများရှိပြီး တောင်ယာခင်းများလည်းရှိသည်။ ၎င်းကျေးရွာရှိ အိမ်ထောင်စုများသည် တောင်ယာလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြသည်။ အလုပ်ပါးချိန်များတွင် ကျောက်ထုခြင်း၊တံငါလုပ်ငန်းနှင့်အမဲလိုက် ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ အိမ်တွင်းတစ်နိုင်တပိုင် မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ပါသည်။

ကျေးရွာတွင် ကယားလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုအထွတ်အမြတ်ထားကိုးကွယ်ကြသည်။ ကယားရိုးရာကေ့ထိုးဘိုးနတ် ကိုးကွယ်ခြင်းများလည်းရှိသည်။ တောင်ယာအားလပ်ချိန်တွင် ဂျပန်းအလုပ်ကို လုပ်ကိုင်ပါကြပါသည်။ သုံးစွဲသောရေအရင်းအမြစ်မှာ ပွန်ချောင်းမှရေကိုသွယ်တန်း၍ သောက်သုံးကြပါသည်။

ကျေးရွာနှင့် (၃)ဖာလုံအကွာတွင် ကျောက်ထုတ်ယူသုံးစွဲနေသော ကျောက်တောင်ရှိသော်လည်း ကျောက်အနည်းငယ်သာရှိသည်။ ကျေးရွာအတွင်းသီးခြားနေထိုင်သောအုပ်စုများ၊ ဘာသာရေးဆိုင်ရာ အုပ်စုများ ဟူ၍ခွဲခြားခြင်းမရှိဘဲ တစ်စုတစည်းတည်းသာနေထိုင်ကြပါသည်။ ကျေးရွာအတွင်းမှ ပြင်ပသို့သွားရောက် အသက်မွေးဝမ်းကြောင်းလုပ်ကိုင်သူများမှာ(၅%)သာရှိပြီး ပြင်ပမှ ကျေးရွာအတွင်း လာရောက်လုပ်ကိုင်သူမှာ (၁၀%)ခန့်ရှိသည်။

## (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း



ဥစ္စာဓနကြွယ်ဝမှုဇယား

ရေနီပေါက် 7.11.2017


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | % |
|---|---|---|---|
| ချမ်းသာ | ကား၊ ထော်လာဂျီ၊ ထွန်စက်၊ တောင်ယာခင်း၊ ဆိုင်ကယ်၊ ဈေးဆိုင်၊ ကျိုက်အိမ်၊ ဆွဲ၊ နွား | ၁၀ | ၁၃% |
| အလယ်အလတ် | ဆိုင်ကယ်၊ ကော်ဘီး၊ တောင်ယာ၊ ကြက်၊ ဝက်၊ မျှင်ခင်း/ကာ အိမ်၊ ကျွဲ | ၄၂ | ၅၅% |
| မပြေလည် | တောင်ယာ၊ ကြက်၊ ဝက်၊ မျှင်တောင်အိမ် ဆိုင်ကယ် | ၁၄ | ၁၈% |
| မပြေလည်ဆုံး | တောင်ယာ၊ အိမ်၊ ကြက်၊ ဝက် | ၁၀ | ၁၃% |
| | စုစုပေါင်း | ၇၆ | |


ရေနီပေါက်ကျေးရွာတွင် လူမှုစီးပွားရေးအခြေအနေအလိုက်သတ်မှတ်၍ အုပ်စု(၄)မျိုးခွဲခြားထားပါသည်။ ထိုအုပ်စုများမှာ ချမ်းသာအဆင့်၊ အလယ်အလတ်အဆင့်၊ မပြေလည်သောအဆင့်နှင့် မပြေလည်ဆုံးအဆင့် ဟူ၍ ဖြစ်သည်။

ချမ်းသာသောအုပ်စုတွင် ကား၊ ထော်လဂျီ၊ ထွန်စက်၊ တောင်ယာခင်းများ၊ ဈေးဆိုင်များ၊ တိုက်အိမ် နှင့် နွားများပိုင်ဆိုင်ကာ ယင်းချမ်းသာအုပ်စုမှာ အိမ်ထောင်စု (၁၀)စု နှင့် ရာခိုင်နှုန်းအားဖြင့် ၁၃%ခန့်ရှိပါသည်။ အလယ်အလတ်အုပ်စုများသည် ဆိုင်ကယ်၊ စက်ဘီး၊ တောင်ယာ၊ ဝက်၊ကြက်၊ ပျဉ်ထောင်အိမ်၊ သွပ်မိုးအိမ်နှင့် လှည်းများပိုင်ဆိုင်ကာ အိမ်ထောင်စုအနေဖြင့် (၄၂)စု နှင့် ရာခိုင်နှုန်းအားဖြင့် ၅၅%ခန့်ရှိပါသည်။ မပြေလည်သောအုပ်စုများသည် တောင်ယာ၊ ကြက်၊ ဝက်၊ ပျဉ်ထောင်အိမ်များပိုင်ဆိုင်ကာ အိမ်ထောင်စု (၁၄)စု နှင့် ရာခိုင်နှုန်းအားဖြင့် ၁၉%ခန့်ရှိကာ၊ မပြေလည်ဆုံးအုပ်စုများသည် တောင်ယာနှင့်အိမ်တို့ကိုသာ ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ (၁၀)စုရှိကာ၊ ရာခိုင်နှုန်းအားဖြင့် ၁၃%ခန့်ရှိနေပါသည်။ မပြေလည်သောအိမ်ထောင်စုများသည် ငွေအရင်းအနှီးမရှိ၍ လက်စားဖြင့်ဖြစ်စေ၊ ချေးငွေယူ၍ဖြစ်စေ တောင်ယာ စိုက်ပျိုးခြင်းအား လုပ်ကိုင်ဆောင်ရွက်ကြရသည်။ သီးနှံပေါ်ချိန်မှသာ ငွေတိုးဖြင့်ပြန်လည်ပေးဆပ်ရ၍ ငွေပိုငွေလျှံ မရှိကြချေ။

မပြေလည်သောအိမ်ထောင်စုများအတွက် ဝင်ငွေရအလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ သီးနှံရောင်းရန် ဈေးကွက်များရှာဖွေပေးခြင်းဖြင့် ပြေလည်သော အိမ်ထောင်စုများကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာနိုင်ပါသည်။


### (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)




ရေနီပေါက်ကျေးရွာတွင် ကျား-မရေးရာပိုင်ဆိုင်မှုများကို သုံးသပ်ရာတွင် ကျောက်၊ တံခွန်တိုင်စသည်တို့ကို အမျိုးသားများသာ ဆောင်ရွက်လုပ်ကိုင်ကြသည်။ စက်ချုပ်ခြင်း ၊ ဈေးဆိုင် များကို အမျိုးသမီးများသာ ဦးစီးဆောင်ရွက်ကြသည်။ ကျောင်း၊ တောင်ယာ၊ ရေ၊ ကစားကွင်း ၊ လူငယ်ရိပ်သာ၊ ဆေးပေးခန်း၊ လမ်း၊ တံတားများကို အမျိုးသား နှင့် အမျိုးသမီးများ အတူတကွထိန်းချုပ်သုံးစွဲကြပါသည်။ အမျိုးသားနှင့်အမျိုးသမီး အခွင့်အရေးတန်းတူရရှိမှုမှာ ကွာဟမှုအနည်းငယ်သာရှိကြောင်းတွေ့ရသည်။


(ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



ရေနီပေါက်ကျေးရွာတွင် တောင်ယာစိုက်ပျိုးချိန်၌ အမျိုးသားနှင့် အမျိုးသမီးဝင်ငွေရရှိမှုမှာ ကွာဟမှုမရှိသော်လည်း စိုက်ပျိုးရာသီနားချိန်တွင်မူ အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စများနှင့်သာ တစ်နေ့တာလုံး အချိန်ကိုဖြုတ်သန်းကြရသည်က ပို၍များခြင်း၊ ပညာအရည်အချင်းနှင့် ဝင်ငွေရရှိမည့် လက်မှုပညာတတ်သူမရှိခြင်း၊ အလုပ်အကိုင်မရှာဖွေတတ်ခြင်းတို့ကြောင့် အပိုဝင်ငွေရှာနိုင်မှု နည်းပါးသည်။ ရပ်ရေးရွာရေး၊ သာရေးနာရေးနှင့် အိမ်ထောင်မှုကိစ္စရပ်များတွင် အမျိုးသားနှင့် အမျိုးသမီးပူးပေါင်းဆောင်ရွက်ကြသော်လည်း လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ခွင့်များ၌ အမျိုးသားများသာ ဦးဆောင်နေကြောင်းတွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ထုံးထမ်းစဉ်လာအရ သော်လည်းကောင်း၊ အသိပညာ၊ အတတ်ပညာအားနည်းမှုကြောင့်သော်လည်းကောင်း၊ မိမိကိုယ်ကို ယုံကြည်မှု မရှိခြင်းကြောင့်သော်လည်းကောင်း အမျိုးသမီးများအနေဖြင့် ဦးဆောင်မှုပိုင်း နှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်တို့တွင် အမျိုးသားများနည်းတူ တန်းတူအခွင့်အရေး မရရှိခြင်းဖြစ်ပါသည်။

ကျေးရွာတွင် အမျိုးသမီး သီးသန့် အသိပညာပေးဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ အမျိုးသားများ ကိုယ်တိုင်လည်းလက်တွဲခေါ်ခြင်း၊ နေရာပေးခြင်းများ ပြုလုပ်ပေးခြင်းဖြင့် အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုများရှိလာပြီး စွမ်းဆောင်ရည်မြင့်တက် လာမည်ဖြစ်သည်။


## (င) ရာသီခွင်ပြဇယား




ရေနီပေါက်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ နှမ်းစိုက်ပျိုးခြင်းဖြစ်သည်။ အခြားသီးနှံများဖြစ်သော ပြောင်း၊ ပဲအမျိုးမျိုး နှင့် ငြုပ်သီးစသော သီးနှံမျိုးစုံတို့ကိုလည်း စိုက်ပျိုးပါသည်။ နှမ်းရိတ်သိမ်းချိန်မှာ သြဂုတ်လ၊ စက်တင်ဘာလ နှင့် အောက်တိုဘာလတို့တွင် အများဆုံးရိတ်သိမ်းကြပါသည်။ ထို့ကြောင့် အောက်တိုဘာလ နှင့် နိုဝင်ဘာလတို့သည် ဝင်ငွေအကောင်းဆုံးလများဖြစ်သည်။ ဇွန်လ၊ ဇူလိုင်လ နှင့် ဖေဖော်ဝါရီလများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ နှင့် ငှက်ဖျားရောဂါဖြစ်လေ့ရှိပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ မိုးရာသီတွင် သောက်သုံးရေများ မသန့်သောကြောင့်ဖြစ်ပြီး၊ ကလေးငယ်များတွင် ဝမ်းရောဂါအဖြစ်များသည်။ ယင်းကျေးရွာတွင် ရေနတ်ကျွေးပွဲ၊ ထမနဲထိုးပွဲ၊ တံခွန်တိုင်ပွဲ၊ သင်္ကြန်ပွဲ၊ ဒီးကူပွဲစသည့် ပွဲတော်များကိုလည်း ရာသီအလိုက်ကျင်းပကြပါသည်။ ပွဲတော်ကျင်းပသောရာသီများမှာ ဖေဖော်ဝါရီလ၊ ဧပြီလ၊ မေလ၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့ဖြစ်သည်။

သီတင်းကျွတ်လတွင် ဆီမီးထွန်းပွဲများကိုကျင်းပကာ ဘိုးဘွားမိဘဆရာသမားများကို ကန်တော့ကြသည်။ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်ကို မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပကြသည်။ ဇန်နဝါရီလ၊ မတ်လ၊ ဧပြီလ၊ မေလစသောလများသည် အလုပ်ပါးသောလများဖြစ်သည်။ အလုပ်ပါးသောလများတွင် ကျေးရွာသူရွာသားများသည် မိမိတို့ရွာအတွက် အကျိုးရှိသောလုပ်ငန်းများဖြစ်သည့် အမှိုက်သိမ်းခြင်း၊ လမ်းပြုပြင်ခြင်း နှင့် ရေကန်ဆေးခြင်း တို့ကိုတက်ညီလက်ညီလုပ်ဆောင်ကြသည်။ အလုပ်ပါးချိန်တွင် အချို့မှာစားဝတ်နေရေးအတွက် တံငါအလုပ်နှင့် တောလိုက်ထွက်ခြင်းနှင့် ကျပမ်းအလုပ်တို့ကိုလုပ်ကိုင်ကြပါသည်။


## (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်





ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှပိုင်းဝန်းဆောင်ရွက်နေကြသော ကဏ္ဍအလိုက်ကော်မတီဝင်များနှင့် ကျေးရွာလူထုများ၊ ရပ်မိရပ်ဖများ၊ ပြင်ပမှလာရောက်ဆောင်ရွက်ကြသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများသည် ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ပြင်ပမှလာရောက်သော အဖွဲ့များဖြစ်ကြသည့် ကျေးလက်ဌာနသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် အတိုးနှုန်းနည်းနည်းဖြင့် ချေးငွေများချပေးခြင်း၊ ပြန်လည်ပေးဆပ်ရမည့် အတိုးငွေများလာလျှင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြန်လည်သုံးနိုင်ခြင်းကို မြစိမ်းရောင်ကော်မတီနှင့် ချိတ်ဆက်၍ လည်းကောင်း၊ ငှက်ဖျားတိုက်ဖျက်ရေးနှင့် နယ်လှည့်ကျန်းမာရေးအဖွဲ့သည် ကျန်းမာရေးကော်မတီနှင့်ချိတ်ဆက်၍ ဆေးကုသစစ်ဆေးခြင်းများအား လာရောက်ဆောင်ရွက်ပေးကြသည်။

ကျေးရွာလူထု နှင့် ပူပေါင်း၍ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ ဆယ်အိမ်မှူးများ၊ ပညာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ လူငယ် အဖွဲ့များသည် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စများ၊ ဘာသာရေးဆိုင်ရာကိစ္စ များကိုအတူတကွလုပ်ဆောင်ကြပါသည်။ အမျိုးသမီးများနှင့် လူငယ်များအားလုံးတို့သည် အဖွဲ့တိုင်းတွင်ပါဝင်ပါသည်။ မြစိမ်းရောင်၊ ကယားဖူး၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၊ သမဝါယမအဖွဲ့၊ နယ်လှည့်ကျန်းမာရေးအဖွဲ့၊ KSWDC၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့သည် ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ နှင့်ကျေးရွာခေါင်းဆောင်၊ရပ်မိရပ်ဖတို့မှ အထက်ပါအဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက်ပူးပေါင်းပါဝင်နိုင်ရန် ချိတ်ဆက်ပေးပါသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှ စတင်ပြီး လူထုဗဟိုပြုအဖွဲ့သည် ကျေးရွာလူထုနှင့်ပူးပေါင်းပြီး စာသင်ကျောင်းဆောင်တိုးချဲ့ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။

## (ဆ) အခက်အခဲများနှင့်ပြဿနာများ







ယခုနှစ်နောက်ပိုင်းတွင် ရေနီပေါက်ကျေးရွာ၏စိုက်ပျိုးရေးဖြစ်ထွန်းမှုမှာရာသီဥတုအခြေအနေပုံမှန်မရှိသဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းနည်းခြင်းကြောင့် အမြတ်ငွေနည်းပါးခြင်း၊ ဝင်ငွေနှင့်ထွက်ငွေမကိုက်ခြင်းများ ကြုံတွေ့နေရသည်။ ထို့ကြောင့် မိမိတို့၏ကလေးများ ပညာရေးထောက်ပံ့နိုင်မှု၊ ကျန်းမာရေးနှင့် စားဝတ်နေရေးအတွက် ချင့်ချိန်၍သုံးစွဲနေရသည်။ ကျေးရွာသားများအချို့သည် စိုက်ပျိုးရာသီနားချိန်တွင် အပိုဝင်ငွေရရှိရန်ဖြစ်စေ၊ ကျောက်ထုခြင်း၊ ပုဇွန်ရှာခြင်းနှင့် ကျပန်းအလုပ်အကိုင်များလုပ်ကိုင်ကြရသည်။ အမျိုးသမီးအများစုမှာမူ အလုပ်အကိုင်ရှားပါးခြင်း၊ အိမ်မှုကိစ္စများတွင်ပိုမိုအချိန်ပေးနေရခြင်းများကြောင့် အပိုဝင်ငွေရှာနိုင်မှုနည်းပါးသည်။

ကျေးရွာရှိမူလတန်းကျောင်းသည် ပွန်ချောင်းကမ်းဘေးတွင်တည်ရှိပြီး ကျောင်းခြံစည်းရိုးမရှိသောကြောင့် ကလေးငယ်များအတွက် အန္တရာယ်ဖြစ်မည်ကိုစိုးရိမ်နေကြသည်။ ထို့ပြင်မူကြိုကျောင်းမရှိခြင်းကြောင့် မူကြိုအရွယ် ကလေးများမူကြိုမနေရခြင်းကြောင့် ကျောင်းနေအရွယ်ရောက်လျှင်ကျောင်းမပျော်ခြင်း၊ ကလေးမိခင်များအတွက် အခြားအလုပ်များတွင် အချိန်မပေးနိုင်ခြင်းများကြုံခဲ့ရသည်။ ယခင်ကမူကြိုကျောင်းနှင့် မူကြိုဆရာမချပေးရန် တောင်းဆိုခဲ့သော်လည်း ကလေးဦးရေမပြည့်ခြင်းကြောင့် မရရှိခဲ့ပေ။ ကျေးရွာဆေးပေးခန်းတွင်လည်း လိုအပ်သောဆေးဝါးများထောက်ပံ့ခြင်း လုံလောက်မှုမရှိပါ။ ကျန်းမာရေးကဏ္ဍဘက်တွင် ကျန်းမာရေးဝန်ထမ်းများအတွက် အိမ်ရာဆောင်မရှိသဖြင့် ဆေးပေးခန်းတွင်သာနေရခြင်းကြောင့် ဆေးကုသရာတွင် နေရာအခက်အခဲနှင့် အခြားလိုအပ်ချက်များလည်းရှိနေပါသည်။ အမျိုးသမီးအများစုသည် ကျေးရွာသို့လာရောက်သည့် ဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်ရှိသော်လည်း လုပ်ငန်းအတွေ့အကြုံနည်းပါးခြင်း၊ ရှက်ရွံ့ခြင်း၊ အိမ်မှုကိစ္စ များကြောင့်အချိန်မပေးနိုင်ခြင်းများကြောင့် ပါဝင်သူနည်းပါးသည်။ ကျေးရွာတွင် စက်မှုလက်မှုလုပ်ငန်းများမရှိသဖြင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး

ဝင်ငွေအရ၌လည်း အလွန်နည်းနေပါသည်။ သောက်သုံးရေအတွက် ပွန်ချောင်းရေကိုသာ ကျိုချက်သောက်သုံးကြရသည်။ မိုးတွင်းအခါ၌ရေနောက်ကျိခြင်း၊ အမှိုက်များမျောပါခြင်းများကြောင့် သန့်ရှင်းသောသောက်သုံးရေကိုမရရှိကြသော်လည်း ထိုချောင်းရေကိုသာမှီခိုအားထားနေရသည်။ အရှေ့ဘက်ကမ်းနှင့်အနောက်ဘက်ကမ်းကို ဆက်သွယ်ထားပေးသော JKTကြိုးတံတားမြေထိန်းနံရံအား တစ်ဖက်ကမ်းသာတည်ဆောက်ထား၍ ကျန်ရှိသည့်တစ်ဖက်ကြောင့် ရေရှည်တည်တံ့မှုမရှိမည်ကို စိုးရိမ်နေကြသည်။ ရွာတွင်းလမ်းအချို့မှာ မြေသားလမ်းသာဖြစ်ပြီး မိုးတွင်းအခါတွင် ဗွက်ထခြင်း၊ ရေဝပ်ခြင်းများ ဖြစ်နေသည်။ ထို့ပြင်လမ်းမီးများကိုလည်း နေရာအချို့တွင်သာ တပ်ဆင်ထားခြင်းကြောင့် ညအချိန်၌သွားလာရေး အဆင်မပြေခြင်းများရှိသည်။ ကျေးရွာတွင်လူငယ်ရိပ်သာ၊ နှင့်ခန်းမဆောင်ရှိသော်လည်း နေရာကျဉ်းသောကြောင့် ရွာလုံးကျွတ်သာရေးနာရေးအတွက် ကျင်းပပြုလုပ်ရန် နေရာအခက်အခဲရှိနေပါသည်။


## (ဇ)မျှော်မှန်းချက်




ရေနီပေါက်ကျေးရွာအစည်းအဝေးတွင် ကျေးရွာလူထုအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် မျှော်မှန်းချက်များ ဖော်ထုတ်ထားကြပါသည်။ ကျေးရွာလူထု၏ မျှော်မှန်းချက်များမှာ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာပိုင်မူကြိုကျောင်းရရှိရန်၊ ကျေးရွာရှိ ကျေးလက်ပေးခန်းသည်လည်း ဆေးဝါးများလုံလောက်စွာဖြင့် ဝန်ဆောင်မှုအပြည့်ပေးသော ဆေးပေးခန်းဖြစ်လာစေရန်၊ ကျေးရွာအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရန်၊ မိသားစုဝင်ငွေတိုးလာစေရန်အတွက် ဒေသထွက်သီးနှံများ ဈေးကွက်ရရှိလာရန်၊ ကျေးရွာတွင်းလမ်းများ ကောင်းမွန်ပြီး ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးများ နှင့် သက်ကြီးရွယ်အိုများ အတွက် သွားလာရေးအဆင်ပြေစေရန် နှင့် ကြိုးတံတားရေရှည်တည်တံ့ခိုင်ခန့်စေရန်များ ဖြစ်ပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း



ရေနီပေါက်ကျေးရွာ၌ ကျေးရွာသူရွာသားများအတူတကွ ဦးစားပေးလုပ်ငန်းများအား မဲပေးစနစ်ဖြင့် ရွေးချယ်သတ်မှတ်ရာတွင် အဓိကဆက်သွယ်ရေးဖြစ်သည့် JKTတံတားရေရှည်တည်တံ့ရေးကို ရည်ရွယ်၍ တံတားမြေထိန်းနံရံဆောက်လုပ်ခြင်းလုပ်ငန်း၊ ကျောင်းသားလူငယ်များအတွက် လုံခြုံစိတ်ချစေရန် ကျောင်းခြံစည်း ရိုးကာရံခြင်း၊ ရွာတွင်းလမ်းအားလုံးသွားလာရအဆင်ပြေစေရန် ရွာတွင်းကျောက်ချောလမ်းခင်းခြင်း၊ မူကြို ကလေးငယ်များအတွက် မူကြိုကျောင်းဆောက်လုပ်ခြင်း နှင့် ကျေးရွာ၏သာရေးနာရေး ကိစ္စရပ်များအတွက် ခန်းမဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းတို့အား ရွေးချယ်ကြပါသည်။ ထို့ပြင် အမျိုးသမီးများအနေဖြင့် စက်ချုပ် သင်တန်းနှင့် အမျိုးသားများမှာမူ စိုက်ပျိုးရေးနည်းပညာသင်တန်းများ ပို့ချပေးမည်ဆိုပါက တက်ရောက်လိုသူများ ရှိကြောင်းသိရသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ








### ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးကျော်ညွန့် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ |
| ၂ | ဒေါ်သွန္တာငြိမ်း | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၃ | ဦး နိုင်နိုင်ထွန်း | ငွေစာရင်းကိုင် | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၄ | ဦးမီရယ် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်ဌေးဌေးဝင်း | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးမောင်မောင်ကြည် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်ကေသီခိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးအောင်သိန်း | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်စဲမယ် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးနေဝင်း | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | ဝေဖန်အကြံပြုတိုင်ကြားရေးအဖွဲ့ဝင် |
| ၁၁ | ဒေါ်စန်းစန်းနွဲ့ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | ဝေဖန်အကြံပြုတိုင်ကြားရေးအဖွဲ့ဝင် |
| ၁၂ | ဦးအောင်ကျော်သန်း | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ဖဲမယ် | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် - ဦး ဖိုးရှယ် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ph - ၀၉ | လူထုစည်းရုံးရေးမှူး၏ အမည် - ဒေါ်ဓာဓာခိုင် | |
|---|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး - ကယား | မြို့နယ် - ဘောလခဲ | ကျေးရွာအုပ်စု - ဘောလခဲ | ကျေးရွာ - ဂျာနီဒေါက် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၆၄ | ဘာသာ (၁) ဗုဒ္ဓ | ၅၆ |
| လူမျိုးစု (၂) ဗမာ | ၁ | ဘာသာ (၂) | |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုရော - ရှမ်း+ဗမာ - ၁, ရှမ်း+ကယား - ၃, ဗမာ+ကယား - ၂ | ၆ | ဘာသာရော | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ ယောက် | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၂ ယောက် | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၉၀ | ၁၇၂ |
| လူမျိုးစု (၁) ကယား | ၁၈၄ | ၁၇၁ |
| လူမျိုးစု (၂) ရှမ်း | ၃ | - |
| လူမျိုးစု (၃) ဗမာ | ၃ | ၁ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၆၇ | ၄ |

၃၆၂ ဦး

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | |
| မော်တော်ဆိုင်ကယ်လမ်း | | | |
| ကျောက်ခင်းလမ်း *(circled)* | မြေသားလမ်း | လူသွားလမ်း | အခြား |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် *(circled)*/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်........ /မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည် / မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ [illegible] /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ......မိနစ် ၂၀

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/

[illegible] မိနစ် ၂၀ အခြား ..........

မိုးရာသီတွင်ကြာချိန် ..........

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/

အခြား ..........

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုဖြစ်ပွားမှု ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ......ရှိပါသည်......

(၂) ..........

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ □ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် - [illegible]

လက်မှတ် [signature] နေ့စွဲ - 17.11.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ကေကေခိုင်

လက်မှတ် [signature] နေ့စွဲ 17.11.2017

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ခေါ်ကေကော်ဒိုင် | | | |
| နေ့စွဲ ၈.၁၁.၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ရေနီဂေါက် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၇.၁၁.၁၇ | ၇.၁၁.၁၇ | ၄၃ | ၁၆ | ၅၉ | ကယား ၅၈<br>ဗမာ ၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၈.၁၁.၁၇ | ၈.၁၁.၁၇ | ၂၀ | ၁၅ | ၃၅ | ကယား ၃၄<br>ဗမာ ၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၇.၁၁.၁၇ | ၁၇.၁၁.၁၇ | ၁၀ | ၆ | ၁၆ | ကယား ၁၁<br>ရှမ်း ၃<br>ဗမာ ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၂.၁၁.၁၇ | ၂၂.၁၁.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး | ၁၁.၁.၁၈ | ၁၁.၁.၁၈ | ၃၀ | ၁၅ | ၄၅ | ကယား - ၄၄ ၊ ဗမာ - ၁ |

| အစည်းအဝေး | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၁.၁.၁၈ | ၁၁.၁.၁၈ | ၆ | ၆ | ၁၂ | ကျား ၁၁<br>မ ၁ | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၁.၁.၁၈ | ၁၁.၁.၁၈ | ၆ | ၆ | ၁၂ | ကျား ၁၆ ၊ မ - ၁ | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၁.၁.၁၈ | ၁၁.၁.၁၈ | ၆ | ၆ | ၁၂ | ကျား-၁၁ ၊ မ ၁ | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၁.၁.၁၈ | ၁၁.၁.၁၈ | ၆ | ၆ | ၁၂ | ကျား -၁၁ ၊ မ ၁ | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၂.၂.၁၈ | ၂.၂.၁၈ | ၁၀ | ၁၀ | ၂၀ | ကျား - ၁၉<br>မ - ၁ | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေကေနိုင် | | | |
| နေ့စွဲ ၈.၁၁.၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ဆေးနီပေါက် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ဆေးဝါးများ ဆေးပေးခန်း၌ လုံလောက်စွာမရှိခြင်း | ၁ | ဆေးပေးခန်း ဆရာဝန်ထမ်း အမြဲတမ်းမရှိခြင်း |
| ၂ | ကြိုးတံတား တစ်ဖက်ကမ်းတွင် မြေထိန်းနံရံ မရှိခြင်းကြောင့် ကြာရှည်မခံမည်ကို စိုးရိမ်ရခြင်း | ၂ | အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း |
| | | ၃ | လမ်းမီးများ နေရာတိုင်းမရှိ၍ သွားလာရခက်ခဲခြင်း |
| ၃ | ပို့လမ်းသာကင်အတွက် ဈေးရုံမရှိ၍ လျှပ်ဆောင်ရ အဆင်မပြေခြင်း | ၄ | မိုးတွင်း၌ ရွာတွင်းလမ်း သွားလာရ ဗွက်ထခြင်း |
| ၄ | ကျောင်းခြံစည်းရိုး မရှိ၍ ကလေးများ ရေချောင်းထဲသို့ ကျမည်ကို စိုးရိမ်ရခြင်း | ၅ | သန့်ရှင်းသော သောက်သုံးရေ မရရှိခြင်း |
| | | ၆ | အမျိုးသမီးများ အိမ်မှုကိစ္စ၌သာ ပိုမို အချိန်ပေးနေရခြင်းကြောင့် အဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်မှု၊ အချိန်ပေးနိုင်မှု အားနည်းခြင်း |
| ၅ | စိုက်ပျိုးရေး သီးနှံထွက်နှုန်း နည်းသောကြောင့် ဝင်ငွေနည်းခြင်း၊ စီးပွားရေး မပြေလည်ခြင်း | ၇ | မူကြိုကလေးများ အတွက် မူကြိုကျောင်း မရှိခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကြိုးတံတား ရေရှည်တည်တံ့ကာ သွားလာရ အဆင်ပြေစေရန် | ၁ | မူကြိုကျောင်း ရှိလာစေရန် |
| ၂ | ကျန်းမာရေး ဝန်ဆောင်မှု အပြည့်ရရှိရန် | ၂ | ကျန်းမာရေးဝန်ဆောင်မှု အပြည့်ရရှိရန် |
| ၃ | စိုက်ပျိုးရေး သီးနှံများ ထွက်နှုန်းများကာ စီးပွားရေး အဆင်ပြေလာစေရန် | ၃ | စီးပွားရေး အဆင်ပြေလာစေရန် |
| | | ၄ | ကျေးရွာ၏ လိုအပ်ချက်များ ပြည့်ဝကာ |
| ၄ | ကျေးရွာ ဖွံ့ဖြိုးတိုးတက်လာစေရန် | ၅ | ဖွံ့ဖြိုးတိုးတက်လာစေရန် |
| ၅ | ကျောင်းခြံစည်းရိုး ရှိလာစေရန် | ၆ | သန့်ရှင်းသော သောက်သုံးရေ ရရှိရန် |
| | | ၇ | ရွာတွင်းလမ်း သွားလာရ အဆင်ပြေလာစေရန် |
| | | | |
| | | | |

ဝ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | JKT ကြိုးတံတား မြေဖို့နှင့်ရုံတည် ဆောက်ခြင်း | အမျိုးသား | 25000000 | ၃၆၂ ဦး |
| ၂ | ကျောင်းခြံစည်းရိုးကာရံခြင်း | အမျိုးသား | 12000000 | ၃၆၂ ဦး |
| ၃ | ရွာတွင်း ကျောက်ချောလမ်း ခင်းခြင်း | အမျိုးသား+အမျိုးသမီး | 12450000 | 〃 |
| ၄ | မူကြို ကျောင်း ဆောက်လုပ်ခြင်း | အမျိုးသမီး | 8000000 | 〃 |
| ၅ | ဆည်မြောင်းတိုးချဲ့ဆောက်လုပ်ခြင်း | အမျိုးသား | 12000000 | 〃 |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |


သ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | စက်ချုပ်သင်တန်း ပေးခြင်း | အမျိုးသမီး | အသက်မွေးဝမ်းကျောင်း |
| ၂။ | အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း | အမျိုးသား+အမျိုးသမီး | 〃 |
| ၃။ | စိုက်ပျိုးရေး နည်းပညာသင်တန်း ပို့ချခြင်း | အမျိုးသား | 〃 |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |


ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဒေါ်သန္တာမြင့်--- လက်မှတ် ---------------------------- နေ့စွဲ------------------------------

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း

| | |
|---|---|
| ခေါင်းစဉ် | ပထမ အကြိမ်ကျေးရွာအစည်းအဝေး |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | ရေနီပေါက် ကျေးရွာ၊ ဘောလခဲအုပ်စု၊ ဘောလခဲမြို့နယ် |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | (၇.၁၁.၁၇)ရက်နေ့ ၊ ၃၀ (၇:၀၀) နာရီမှ (၉:၄၅)ထိ ဓမ္မဆောင် |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် |
| စုစုပေါင်းကုန်ကျငွေ | |
| ဦးဆောင်သူ | ခေါ်ကကောနိုင်(CF) ရာထူး CF/TF/Committee |

တက်ရောက်သူဦးရေ (Participants)

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၄၃ | ၁၆ | ၅၉ | ကယား -၅၈၊ ဗမာ-၁ |
| ၂ | | | | |
| | | | | |
| | | | | |

ရည်ရွယ်ချက် (Purpose)

၁။ လူထုဗဟိုပြုစီမံကိန်း၏ အခြေခံသဘောတရားများအား နားလည်လာစေရန်

၂။ စီမံကိန်း စက်ဝန်း၊ ကျားမရေးရာနှင့် လူထုပေါင်းစပ်မှုတို့ကို ရင်းနှီးမှုရှိစေရန်

၃။ စီမံကိန်း တွင်ပါဝင်ဆောင်ရွက်သူများ၏ တာဝန်ဝတ္တရားများ သိရှိစေရန်

၄။ လူထုပူးပေါင်းပါဝင်သော ယှဉ်ပြိုင်ဆန်းစစ်ခြင်းများ ဆောင်ရွက်၍ ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များအား အကောင်အထည်ဖော်စေရန်

အစည်းအဝေး အစီအစဉ် (Agenda)

၁။ တက်ရောက်သူစာရင်း ကောက်ယူခြင်း

၂။ အစည်းအဝေး ရည်ရွယ်ချက် နှင့် အစီအစဉ်အား ရှင်းလင်းတင်ပြခြင်း

၃။ စီမံကိန်း မိတ်ဆက်ခြင်း

၄။ စီမံကိန်း လက်စွဲ အား ရှင်းလင်းတင်ပြခြင်း

၅။ ကျေးရွာစေတနာ့ဝန်ထမ်း နှင့် ဦးဆောင်ကော်မတီဝင်များအား ပြန်လည်အတည်ပြု
ခြင်း၊ ရွေးချယ်ခြင်း

၆။ မေးမြန်း ဆွေးနွေးခြင်း

၇။ အစည်းအဝေး ရုတ်သိမ်းခြင်း

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | ဒေါ်ကေကေနိုင် (CF)မှ အစည်းအဝေး ရည်ရွယ်ချက်နဲ့ အစီအစဉ် အား ရှင်းလင်းတင်ပြပါသည်။ | |
| ၂။ | ကျေးရွာအုပ်ချုပ်ရေးမှူး ဦး ဦးရယ်မှ လူထုဖွံ့ဖြိုးစီမံကိန်းနှင့်ပတ်သက်သည့် လုပ်ငန်းများရွေးချယ်မှု၊ အကောင်အထည်ဖော်မှု ပုံစံများ အကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်း၌ ကျေးရွာလူထုပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း ပြောကြားပါသည်။ | |
| ၃။ | ဆက်လက်၍ ဒေါ်ကေကေနိုင် (CF)မှ လူထုဖွံ့ဖြိုးစီမံကိန်းအကြောင်း ကျေးရွာလူထုအား အမြန်အလျှင် မေးခွန်းများ မေးကာ စီမံကိန်းအကောင်အထည်ဖော်မှု၊ ရည်ရွယ်ချက်၊ ကျား-မရေးရာ အကြောင်း၊ ကော်မတီများရွေးချယ်မှု ဝေဖန်အကြံပြုစနစ်၊ ရန်ပုံငွေစီးဆင်းမှု၊ လည်ပတ်ထိန်းသိမ်းရေးနှင့် အကာအကွယ်များ အကြောင်းအား | |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| | ဆွေးနွေးတင်ပြပါသည်။ | |
| ၄။ | ဆက်လက်ပြီး စီမံကိန်းစက်ဝန်းကို အဆင့် (၁၄) ဆင့်နှင့် အပိုင်းကြီး (၆) ပိုင်း အတိုင်း နှစ်အလိုက် လုပ်ဆောင်ရမည့် လုပ်ငန်း အဆင့်ဆင့် အား ရှင်းလင်းတင်ပြပါသည်။ | |
| ၅။ | ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့ အား ပြန်လည် အတည်ပြုရန် ကဏ္ဍ အလိုက် ကော်မတီဝင်များ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ အားရှင်းလင်း တင်ပြကာ ယခင်နှစ် ၌ လုပ်ငန်း အတွေ့ အကြုံများ အား မေးမြန်း ဆွေးနွေး ပါသည်။ ကော်မတီဟောင်း အမျိုးသမီး များ မရှိလင် သောကြောင့် အမျိုးသား ကော်မတီများ ကိုရွေးချယ် အတည်ပြုရန် ဆွေး နွေးကြသည်။ | ကျေးရွာလူထုများ နှင့် ကော်မတီဟောင်း များ ဆွေးနွေးချက် အရ<br>၁။ ဦးကျော်ဆွေ (စီ/ထောက်ဥက္ကဋ္ဌ)<br>၂။ ဦးမိုးရပ် (ထပ်ပူရေး )<br>၃။ ဦးနိုင်နိုင်ထွန်း (စာရင်းကိုင် )<br>၄။ ဦးအောင်ကျော်သန်း (စေတနာ့ဝန်ထမ်း)<br>၅။ ဦးအောင်မောင်ကြည် (စောင့်ကြည့် ကြီးကြပ်ရေး)<br>၆။ ဦးနေဝင်း (ဝေဖန်အကြံပြုကိုယ်စားလှယ်)<br>၇။ ဦးအောင်သိန်း (လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ)<br>တို့အား ပြန်လည် ရွေးချယ်မှု ဖြင့် အတည်ပြုကြပါသည်။ |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| | | ကျန်ရှိသောအမျိုးသမီး ကော်မတီဝင်များ ရွေးချယ်ရန် ကော်မတီပေါင်းများနှင့် လူငယ်များ မစုံလင်သောကြောင့် ကျေးရွာအစည်းဝေး ပြန်လုပ်ကာ ကျေးရွာလူထုနှင့် ကျေးရွာခေါင်းဆောင်မှ တာဝန်ယူရွေးချယ်မည်ဟု ဆုံးဖြတ်ကြပါသည်။ |
| ၆။ | လူထုပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်း (၆) ချက်ဖြစ်သည့် လူမှုရေးအရင်းအမြစ်ပြမြေပုံ၊ ရာသီဥတုပြပြက္ခဒိန်၊ ဥစ္စာရေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်၊ ပိုင်ဆိုင်မှုသုံးသပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ဗင်းပုံတို့အား ပြန်လည်သုံးသပ်စိစစ်ကာ ဖြည့်စွက်ကြပါသည်။ | |

| | | |
|---|---|---|
| ၇။ | အစည်းအဝေးအား ဥက္ကဋ္ဌ၏ နေအိမ်<br>တွင် ရုပ်သိမ်းပြီး ဒုတိယ အကြိမ်<br>ကျေးရွာ အစည်းအဝေး ပြန်လည်<br>တက်ရောက်ပေးကြရန် နှင့် အစည်း<br>အဝေး ပြုလုပ်မည့်ရက် ၊ အချိန် နှင့်<br>နေရာ အား ပြန်လည် ပြောကြား ပြီး<br>အစည်းအဝေး အား ကျေးရွာ တင်<br>စကား ပြန် ပိတ်သိမ်း ပါသည်။ | |

| မှတ်တမ်းတင်ရေးသူ | စိစစ်သူ | အတည်ပြုသူ |
|---|---|---|
| လက်မှတ် | လက်မှတ် | လက်မှတ် |
| အမည် | အမည် | အမည် |
| ရာထူး | ရာထူး | ရာထူး |

အစည်းအဝေးမှတ်တမ်း

လူထုဝပိုပြုစီမံကိန်း

| | | | |
|---|---|---|---|
| ခေါင်းစဉ် | ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး | | |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | ရေနီပေါက်ကျေးရွာ၊ ဘောလခဲအုပ်စု၊ ဘောလခဲမြို့နယ် | | |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | ၈.၁၁.၁၇ ရက်၊ ၃၁ (၈:၀၀) နာရီမှ (၁၀:၀၀) နာရီထိ ခန်းမဆောင် | | |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဝပိုပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် | | |
| စုစုပေါင်းကုန်ကျငွေ | | | |
| ဦးဆောင်သူ | ဒေါ်ကြေကြေနိုင် (CF) | ရာထူး | CF/TF/Committee |

တက်ရောက်သူဦးရေ (Participants)

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၂၀ | ၁၅ | ၃၅ | ကယား ၃၄၊ ဗမာ-၁ |
| ၂ | | | | |
| | | | | |
| | | | | |

ရည်ရွယ်ချက် (Purpose)

၁။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကြောင်း ပြန်ဆင်ခြင်း

၂။ ကျေးရွာ၏ အခက်အခဲ၊ ပြဿနာ၊ မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေး လုပ်ငန်း များ ထွက်ပေါ်လာစေရန်

အစည်းအဝေး အစီအစဉ် (Agenda)

၁။ လူထု ဆန္ဒ စစ်ပြင် အား ပြန်လည် တင်ပြခြင်း၊

၂။ အဆင့် အစ ၊ ပြဿနာ ၊ အတား အဆီးများ ၊ ဖြေရှင်းချက်များ နှင့် ရှေ့ဆက်ရ
လုပ်ငန်းများ အား ဆွေးနွေးခြင်း၊

၃။ ဦး စား ပေး လုပ်ငန်းများ သတ်မှတ်ခြင်း၊

၄။ အကျုံးဝင် / မဝင်သည့် လုပ်ငန်း စာရင်း ၊ စံနှုန်း သတ်မှတ်ချက်များ ရှင်းလင်း
တင်ပြခြင်း၊

၅။ အကာ အကွယ် များ အကြောင်း ရှင်းလင်း တင်ပြခြင်း၊

၆။ ရွာ ဆက်လုပ်ငန်းစဉ် များ အား ရှင်း လင်း တင်ပြခြင်း၊

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး အစီအစဉ်နှင့် ရည်ရွယ်ချက်အား ပြောကြားပြီး အစည်းအဝေးအား စတင်ပါသည်။ | |
| ၂။ | ဆက်လက်ပြီး ကျေးရွာသူ၊ ကျေးရွာသားများမှ အခက်အခဲပြဿနာ အတားအဆီးများ၊ မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ ခွဲ၍ ပြန်လည်ဆွေးနွေးစေပါသည်။ တစ်ဖွဲ့စီခွဲ၍ ထွက်ပေါ်လာသည့် ဆွေးနွေးချက်များအား ပြန်လည်တင်ပြကာ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးနှစ်အလိုက် ရွေးချယ်ရန် ဆွေးနွေးတိုင်ပင်ကြပါသည်။ | အမျိုးသားနှင့် အမျိုးသမီးတစ်ဖွဲ့စီခွဲ၍ ဆွေးနွေးရာမှ ထွက်ပေါ်လာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ကျန်ရှိသည့် စီမံကိန်းကာလ (၃) နှစ်တာအတွက် ဒုတိယနှစ်ကာလ၌ JKT ကြိုးတံတား မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ တတိယနှစ်ကာလ၌ ကျောင်းခြံစည်းရိုးကာရံခြင်း နှင့် စတုတ္ထနှစ်ကာလတွင် ရွာတွင်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု၍ ရွေးချယ်ဆုံးဖြတ်ကြပါသည်။ |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၃။ | ဒေါ်ကေကေခိုင် (CF) မှ လူထုဗဟိုပြုစီမံကိန်းမှ သတ်မှတ်ထားသည့် အကျိုးဝင်၊ အကျိုးမဝင်သည့် လုပ်ငန်းခွဲ အမျိုးအစားများ အကြောင်း၊ ရန်ပုံငွေ ခွဲဝေခြင်း အတွက် အကျိုးဝင်သည့်စံနှုန်း သတ်မှတ်ချက်များ အကြောင်း နှင့် စီမံကိန်း လုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် အကာအကွယ်များ အကြောင်းအား မေးမြန်းခြင်းဖြင့် ပြန်လည် ရှင်းလင်း တင်ပြပါသည်။ | |
| ၄။ | ဆက်လက်ပြီး ရေနီပေါက်ကျေးရွာ အနေဖြင့် လုပ်ငန်းခွဲများ လည်း ထွက်ရှိပြီးသော်လည်း ကော်မတီဝင် (အမျိုးသမီး) များ ရွေးချယ် အတည်ပြုရန် ကျန်ရှိနေသော ကြောင့် ကျေးရွာ အုပ်စု အစည်း | ကျန်ရှိသည့် အမျိုးသမီး ကော်မတီဝင်များအား အုပ်စု အစည်း အဝေး မတိုင်မီ ကျေးရွာ အစည်း အဝေး ပြုလုပ်၍ ပြန်လည် အတည် ပြုကြမည်ဟု ဆုံးဖြတ်ကြသည်။ |

| | |
|---|---|
| အဝေးရက် မတိုင်မီ ရွေးချယ်ပေး ကြရန် နှင့် အုပ်စု အစည်း ဝေး ပြုလုပ်မည့် အကြောင်း နှင့် တက်ရောက်ရမည့် ကော်မတီ ဝင်များ အား ပြောကြား ပြီး အစည်း အဝေး အား ကျေး ရွာအုပ် ချုပ်ရေးမှူး မှ ကျေး ရွာ တွင် စကား ပြောကြား ပြီး ရုတ်သိမ်း ပါ သည်။ | |

| မှတ်တမ်းရေးသူ။ | စိစစ်သူ။ | အတည်ပြုသူ။ |
|---|---|---|
| လက်မှတ်။........................ | လက်မှတ်။........................ | လက်မှတ်။........................ |
| အမည်။........................ | အမည်။........................ | အမည်။........................ |
| ရာထူး။........................ | ရာထူး။........................ | ရာထူး။........................ |

# ၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ရေနံပေါက်ကျေးရွာ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး နှင့်လမ်း/တံတား | ၁ | JKT မြေထိန်းနံရံတည်ဆောက်ခြင်း | အမျိုးသား | - | - | - |
| | ၂ | ကျောင်းခြံစည်းကာရုံခြင်း | အမျိုးသား | - | - | - |
| | ၃ | ရွာတွင်းကျောက်ချောလမ်းခင်းခြင်း | အမျိုးသား + အမျိုးသမီး | ဇန်နဝါရီ/၂၀၁၈ | ကျေးရွာလူထု | - |
| | ၄ | ခန်းမဆောင်တိုးချဲ့ခြင်း | အမျိုးသား | - | - | - |
| | ၅ | | | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကြောင်းနှင့် စိုက်ပျိုးရေး | ၁ | စက်ချုပ်သင်တန်းပေးခြင်း | အမျိုးသမီး | - | - | - |
| | ၂ | အလုပ်အကိုင်ဖန်တီးပေး | အမျိုးသား + အမျိုးသမီး | - | - | - |
| | ၃ | စိုက်ပျိုးရေးနည်းပညာသင်တန်းပို့ချခြင်း | အမျိုးသား | - | - | - |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| လူမှုရေးနှင့် ပညာရေး ကျန်းမာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပတ်ဝန်းကျင် | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |